၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၅ရက်။

**သီအိုရီအရတွက်ချက်ထားသော အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေပြီးနောက်ပိုင်း ဈေးနှုန်း၊ ထုတ်ဝေပြီးနောက်စုစုပေါင်းအစုရှယ်ယာအစောင်ရေနှင့် ပိုင်ဆိုင်မှုလျော့ကျခြင်းနှင့်စပ်လျဉ်းသော အသိပေးကြေညာချက်**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့စွဲပါ ကြေညာချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက် (“ကုမ္ပဏီ”) မှ အဆိုပြုထားသည့် လွှဲပြောင်းရောင်းချခွင့်မရှိသော အခွင့်အရေးပေးသည့် အစုရှယ်ယာအသစ်များ ထုတ်ဝေခြင်းနှင့်ပတ်သက်သည့် အောက်ပါအသေးစိတ်အချက်အလက်များကို တင်ပြအပ်ပါသည်။

သက်ဆိုင်ရာတွက်ချက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- **သီအိုရီအရတွက်ချက်ထားသော အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေပြီးနောက်ပိုင်း ဈေးနှုန်း (ဈေးနှုန်းအသစ်)။ ။ ကျပ် ၇,၀၉၃.၅၇ (အစုရှယ်ယာတစ်စုလျှင်)**
  - မှတ်ချက်: အစွန်းထွက် ကျပ်၊ ပြား ဂဏန်းများကို တစ်ချက်ခုန် (Tick size) ဈေးသို့လျှော့ချသွားခြင်းနှင့် အခြေခံဈေးနှုန်း (Base price) ပြင်ဆင်ခြင်းအား ရန်ကုန်စတော့အိပ်ချိန်းမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။
- **ထုတ်ဝေပြီးနောက် စုစုပေါင်းအစုရှယ်ယာအစောင်ရေ။ ။ ၁၅,၄၀၀,၉၈၆ စောင် (၁၀,၄၀၀,၉၈၆ စောင် + ၅,၀၀၀,၀၀၀ စောင်)**
- **အစုရှယ်ယာတစ်စောင်၏ လျော့ကျမည့်တန်ဖိုး။ ။ ကျပ် ၁,၀၀၆.၄၃ (ကျပ် ၈,၁၀၀ – ကျပ် ၇,၀၉၃.၅၇)**

အခွင့်အရေးပေးသည့် အစုရှယ်ယာဈေးနှုန်းဖြစ်သော ကျပ် ၅,၀၀၀ သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့၏ ဈေးကွက်ပိတ်ဈေးနှင့် နှိုင်းယှဉ်ပါက ၃၈.၂၇% လျှော့ဈေးဖြစ်ပြီး၊ သီအိုရီအရ တွက်ချက်ထားသော အခွင့်အရေးပေးသည့်အစုရှယ်ယာ ထုတ်ဝေပြီးနောက်ပိုင်းဈေးနှုန်း (ဈေးနှုန်းအသစ်) နှင့် နှိုင်းယှဉ်ပါက ၂၉.၅၁ % လျှော့ဈေးဖြစ်ပါသည်။

အစုရှယ်ယာရှင်များသည် ဤကမ်းလှမ်းမှုအစီအစဉ်မှ အကျိုးအမြတ်ရရှိရန်အတွက် မိမိတို့၏ ဝယ်ယူခွင့်ရှိသော အစုရှယ်ယာများအား အပြည့်အဝ စာရင်းသွင်းဝယ်ယူရန် အထူးအကြံပြုအပ်ပါသည်။ အစုရှယ်ယာတစ်စုလျှင် ခန့်မှန်းခြေတန်ဖိုး ကျပ် ၁,၀၀၆.၄၃ လျော့ကျသွားနိုင်ခြင်းနှင့်

ပိုင်ဆိုင်မှုအချိုးအစား လျော့နည်းသွားခြင်းများကို ရှောင်ရှားနိုင်ရန်အတွက် အပြည့်အဝစာရင်းသွင်းဝယ်ယူရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်